# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
# နေပြည်တော်

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ညောင်နှစ်ပင် ဧရိယာ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဇုန် (၃) ရှိ မြေဧရိယာ (၅၅၅.၈၁) ဧကပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်သည့်  ကိုရီးယား-မြန်မာစက်မှုဇုန်အတွက် လိုအပ်သော စီမံကိန်းပြင်ပအခြေခံအဆောက်အအုံများတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းအတွက် အတည်ပြုထားသည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (Environmental Impact Assessment-EIA) အစီရင်ခံစာ၏

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်**

**(Environmental Compliance Certificate- ECC)**

ရက်စွဲ။  ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်
## (Environmental Compliance Certificate- ECC)

သက်သေခံလက်မှတ်အမှတ်။ ECC (၆၄၈) ရက်စွဲ ။ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆိုင်ရာလုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ(က) တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ(ခ)ပါ စည်းကမ်းချက်များကို လိုက်နာဆောင် ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate - ECC) ကို ထုတ်ပေးလိုက်သည်-

| | | |
|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | - ညွှန်ကြားရေးမှူးချုပ်<br>မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန |
| (ခ) | **ဆက်သွယ်ရန်လိပ်စာ** | - မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၀) |
| (ဂ) | **စီမံကိန်းအမျိုးအစား** | - ကိုရီးယား - မြန်မာစက်မှုဇုန်အတွက် လိုအပ်သော ပြင်ပအခြေခံအဆောက်အအုံများ တည်ဆောက်ရေး စီမံကိန်း |
| (ဃ) | **စီမံကိန်းကာလ** | - အခွင့်အမိန့်ရအဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | - စီမံကိန်းမြေဧရိယာ (၅၅၅.၈၁) ဧက |
| (စ) | **စီမံကိန်းတည်နေရာ** | - ညောင်နှစ်ပင်ဧရိယာ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဇုန် (၃)၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| (ဆ) | **ECC သက်တမ်း** | - (၅) နှစ်<br>စတင်ထုတ်ပေးရက် - ၃၀-၆-၂၀၂၃<br>သက်တမ်းကုန်ဆုံးရက် - ၂၉-၆-၂၀၂၈ |
| (ဇ) | **အတည်ပြုအစီရင်ခံစာ** | - ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ၆-၁-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ နပတ/ (မြို့/ရာ)/မဒဖ/၂၀၂၃(၀၀၁၄) |

## စည်းကမ်းချက်များသတ်မှတ်ခြင်း

၂။ အောက်ဖော်ပြပါ ရည်ရွယ်ချက်များရရှိနိုင်ရေးအတွက် ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် သတ်မှတ်ထားခြင်းဖြစ်ပါသည်-

(က) ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံးဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ခ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့်တာဝန်များကို သတ်မှတ်ရန်၊

(ဂ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေးဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(ဃ) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(င) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံတစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်။

(လှမောင်သိန်း)
အမြဲတမ်းအတွင်းဝန်
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

နောက်ဆက်တွဲ (က)

**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ညောင်နှစ်ပင်ရေိယာ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဇုန်(၃)ရှိ မြေဧရိယာ (၅၅၅.၈၁) ဧကပေါ်တွင် အကောင်အထည်ဖော် ဆောင်ရွက်သည့် ကိုရီးယား-မြန်မာစက်မှုဇုန်အတွက်လိုအပ်သော စီမံကိန်းပြင်ပ အခြေခံအဆောက် အအုံများတည်ဆောက်ရေး စီမံကိန်းလုပ်ငန်း၏ စီမံကိန်းအကြောင်းအရာ**

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ညောင်နှစ်ပင်ဧရိယာ၊ စိုက်ပျိုးရေးနှင့် မွေးမြူ ရေးဇုန်(၃)ရှိ မြေဧရိယာ (၅၅၅.၈၁) ဧကပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်သည့် ကိုရီးယား-မြန်မာစက်မှုဇုန်အတွက် လိုအပ်သော စီမံကိန်းပြင်ပအခြေခံ အဆောက်အအုံများတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းအတွက် ဆောက် လုပ်ရေးဝန်ကြီးဌာန၏ ၆-၁-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ နပတ/ (မြို့/ရာ)/မဒဖ/၂၀၂၃(၀၀၁၄) ဖြင့် တင်ပြခဲ့သည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) အစီရင်ခံစာကို ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate-ECC) ထုတ်ပေးခြင်းဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** ညွှန်ကြားရေးမှူးချုပ်၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ရုံးအမှတ် (၄၀)။


၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** အဆိုပြုစီမံကိန်းသည် ရေသွယ်ယူခြင်း၊ လမ်းချဲ့ထွင် အဆင့်မြှင့်တင်ခြင်းနှင့် လျှပ်စစ်ဓာတ်အားလိုင်းသွယ်တန်းခြင်းတို့ပါဝင်သည်။ ရေသွယ်ယူခြင်းတွင် တစ်ရက်လျှင်ရေပမာဏ (၁၀၀၀၀) ကုဗမီတာကို သန့်စင်နိုင်သည့် ရေသန့်စင်စက်ရုံကို တည်ဆောက် မည်ဖြစ်သည်။ အချင်း(၄၅၀)မီလီမီတာရှိသော ရေသွယ်ပိုက်ဖြင့် ရေစုပ်ယူအဆောက်အအုံမှ ရေသန့် စင်စက်သို့ ရေပိုက်သွယ်တန်းမည်ဖြစ်သည်။ ရေသန့်စင်သည့် လုပ်ငန်းစဉ်တွင် စေးပျစ်ပြီးခဲစေခြင်း၊ အမြှုပ်ထစေခြင်း၊ အနည်ကျစေခြင်း၊ သဲကိုဇကာအဖြစ်ထား၍ အမြန်စစ်ထုတ်ခြင်းနှင့် ပိုးသတ် ခြင်းတို့ ဆောင်ရွက်မည်ဖြစ်သည်။ လမ်းချဲ့ထွင်ခြင်းတွင် လက်ရှိအသုံးပြုနေသော နှစ်လမ်းသွား လမ်းကို လေးလမ်းသွားလမ်း (စုစုပေါင်းအကျယ် ၂၂ မီတာ) အဖြစ်ချဲ့ထွင်ပြီး ကွန်ကရစ် ကတ္တရာ ခင်းလမ်းအဖြစ် အဆင့်မြှင့်တင်သွားမည်ဖြစ်သည်။ လမ်းအန္တရာယ်ကင်းရှင်းရေး အထောက်အကူပြု ပစ္စည်းများဖြစ်သည့် လက်ရန်းအကာ၊ ယာဉ်အသွားအလာ အမှတ်အသားများ၊ လမ်းဆေးခြယ်ခြင်း များကို ပြုလုပ်သွားမည်ဖြစ်သည်။ တံတားနှစ်စင်းကို အသစ်ပြန်လည် တည်ဆောက်သွားမည်ဖြစ်ပြီး ရေစီးဆင်းမှု ကောင်းမွန်စေရန် သံကူကွန်ကရစ် Rahmen တံတားအမျိုးအစားကို တည်ဆောက်သွား

မည်ဖြစ်သည်။ လျှပ်စစ်ဓာတ်အားလိုင်း သွယ်တန်းခြင်းတွင် ကမာနက်- မြောင်းတကာ ဓာတ်အားလိုင်း၏ တိုင်အမှတ်(၁၃၃)နှင့် (၁၃၄)တို့ဆုံရာ နေရာမှ(၂၃၀)ကေဗွီ (conductor အရွယ်အစား ၆၀၅ MCM) ဓာတ်အားလိုင်းဖြင့် ကိုရီးယား-မြန်မာ စက်မှုဇုန်စီမံကိန်းအတွက် လိုအပ်သောလျှပ်စစ်ဓာတ်အားကို သွယ်ယူရရှိမည်ဖြစ်သည်။ သွယ်ယူမည့် လျှပ်စစ်ဓာတ်အားလိုင်း အရှည်မှာ (၇.၈၄) ကီလိုမီတာဖြစ်ပါသည်။ (၁၀၀)အမ်ဗွီအေ ထရန်စဖော်မာ(၂)လုံးတပ်ဆင်မည့် (၂၃၀) ကေဗွီ ဓာတ်အားခွဲရုံတစ်ရုံကို တည်ဆောက်မည်ဖြစ်သည်။ ထိုဓာတ်အားခွဲရုံတွင် (၂၃၀) ကေဗွီ ဓာတ်ငွေ့သုံး အလိုအလျောက်လျှပ်ဖြတ် (ပထမအဆင့်)၊ အလိုအလျောက်လျှပ်ဖြတ် (၃၃) ကေဗွီ (ဒုတိယအဆင့်)နှင့် ဓာတ်ငွေ့ဖြင့်လျှပ်စစ်ဓာတ်မစီးစေရန် အကာအကွယ်ပြုထားသည့် ခလုတ်များ တပ်ဆင်ထားမည်ဖြစ်ပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** အသုံးပြုကုန်ကြမ်းများအနေဖြင့် ရေသွယ်ယူခြင်းအတွက် အဓိကလိုအပ်သော ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများမှာ သံချောင်း၊ ကွန်ကရစ်၊ ကျောက်စရစ်နှင့်HDPE ပိုက်တို့ဖြစ်သည်။ လမ်းချဲ့ထွင်အဆင့်မြှင့်တင်ခြင်းအတွက် အဓိကလိုအပ်သော ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများမှာ သံချောင်း၊ ကွန်ကရစ်၊ ကျောက်စရစ်၊ ကတ္တရာနှင့် ကွန်ကရစ်ကတ္တရာတို့ဖြစ်ပါသည်။ လျှပ်စစ်ဓာတ်အားလိုင်းသွယ်တန်းခြင်းအတွက် အဓိကလိုအပ်သောဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများမှာ သံမဏိတာဝါတိုင်များ၊ conductor (605 MCM)၊ insulator (120kN)နှင့် တွဲဖက်ပစ်စ္စည်းများ၊ 230 လျှပ်စစ်ဓာတ်မစီးစေရန် အကာအကွယ်ပြုထားသည့် ခလုတ် ၅စုံ၊ လျှပ်စစ်ဓာတ်အားခွဲရုံအတွက် တာဝါတိုင် ၂၃စုံ၊ conductor (605 MCM) အရှည် ၁၀၀ ကီလိုမီတာ၊ insulator (120kN) နှင့် တွဲဖက်ပစ္စည်းများ ၂၄ စုံတို့ ဖြစ်ပါသည်။

၅။ **စီမံကိန်းတည်နေရာ။** ညောင်နှစ်ပင်ရေိယာ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဇုန် (၃)၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် တည်ရှိသည်။


**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ညောင်နှစ်ပင်ရေိယာ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဇုန်(၃)ရှိ မြေဧရိယာ (၅၅၅.၈၁) ဧကပေါ်တွင် အကောင်အထည်ဖော် ဆောင်ရွက်သည့် ကိုရီးယား-မြန်မာစက်မှုဇုန်အတွက်လိုအပ်သော စီမံကိန်းပြင်ပ အခြေခံအဆောက် အအုံများတည်ဆောက်ရေး စီမံကိန်းလုပ်ငန်း၏ တည်နေရာနှင့် လမ်းကြောင်းများပြမြေပုံ**




မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ညောင်နှစ်ပင်ရေိယာ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဇုန်(၃)ရှိ မြေဧရိယာ (၅၅၅.၈၁) ဧကပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်သည့်ကိုရီးယား-မြန်မာစက်မှုဇုန်အတွက်လိုအပ်သော စီမံကိန်းပြင်ပ အခြေခံအဆောက်အအုံများတည်ဆောက်ရေး စီမံကိန်းလုပ်ငန်း၏ လမ်းတိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်မည့် လမ်းကြောင်းပြမြေပုံ




# မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ညောင်နှစ်ပင်ဧရိယာ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဇုန်(၃)ရှိ မြေဧရိယာ (၅၅၅.၈၁) ဧကပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်သည့်ကိုရီးယား-မြန်မာစက်မှုဇုန်အတွက်လိုအပ်သော စီမံကိန်းပြင်ပ အခြေခံအဆောက်အအုံများတည်ဆောက်ရေး စီမံကိန်းလုပ်ငန်း၏လျှပ်စစ်မီးလိုင်း သွယ်တန်းမည့်လမ်းကြောင်းပြမြေပုံ



**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ညောင်နှစ်ပင်ဧရိယာ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဇုန်(၃)ရှိ မြေဧရိယာ (၅၅၅.၈၁) ဧကပေါ်တွင်အကောင်အထည်ဖော် ဆောင်ရွက်သည့်ကိုရီးယား-မြန်မာစက်မှုဇုန်အတွက်လိုအပ်သော စီမံကိန်းပြင်ပ အခြေခံအဆောက် အအုံများတည်ဆောက်ရေး စီမံကိန်းလုပ်ငန်း၏ Water Purification Plant Layout plan**



မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ညောင်နှစ်ပင်ဧရိယာ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဇုန်(၃)ရှိ မြေဧရိယာ (၅၅၅.၈၁) ဧကပေါ်တွင် အကောင်အထည်ဖော် ဆောင်ရွက်သည့်ကိုရီးယား-မြန်မာစက်မှုဇုန်အတွက်လိုအပ်သော စီမံကိန်းပြင်ပ အခြေခံအဆောက် အအုံများတည်ဆောက်ရေး စီမံကိန်းလုပ်ငန်း၏ ရေသန့်စင်ခြင်းလုပ်ငန်း ဆောင်ရွက်ပုံအဆင့်ဆင့်ပြပုံ



နောက်ဆက်တွဲ(ခ)

**ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ**

**ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာအရ လိုက်နာဆောင်ရွက်ရမည့် ကတိကဝတ်များ**

၆။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ညောင်နှစ်ပင်ရေိယာ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဇုန်(၃)ရှိ မြေဧရိယာ (၅၅၅.၈၁) ဧကပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်သည့် ကိုရီးယား-မြန်မာစက်မှုဇုန်အတွက် လိုအပ်သော စီမံကိန်းပြင်ပအခြေခံ အဆောက်အအုံများတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ၆-၁-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ နပတ/ (မြို့/ရာ)/မဒဖ/၂၀၂၃(၀၀၁၄) ဖြင့် တင်ပြခဲ့သည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာတွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ဥပဒေနှင့်လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့် သက်ဆိုင်သည့် အခြားမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်နည်းစဉ်။** အဆိုပြုစီမံကိန်းသည် အဆိုပြုစီမံကိန်းသည် ရေသွယ်ယူခြင်း၊ လမ်းချဲ့ထွင်အဆင့်မြှင့်တင်ခြင်းနှင့် လျှပ်စစ်ဓာတ်အားလိုင်းသွယ်တန်းခြင်းတို့ပါဝင်သည်။ ရေသွယ်ယူခြင်းတွင် တစ်ရက်လျှင် ရေပမာဏ (၁၀၀၀၀) ကုဗမီတာကို သန့်စင်နိုင်သည့် ရေသန့်စင်စက်ရုံကို တည်ဆောက်မည်ဖြစ်သည်။ အချင်း (၄၅၀) မီလီမီတာရှိသော ရေသွယ်ပိုက်ဖြင့် ရေစုပ်ယူအဆောက်အအုံမှ ရေသန့်စင်စက်သို့ ရေပိုက်သွယ်တန်းမည်ဖြစ်သည်။ ရေသန့်စင်သည့် လုပ်ငန်းစဉ်တွင် စေးပျစ်ပြီးခဲစေခြင်း၊ အမြှုပ်ထစေခြင်း၊ အနည်ကျစေခြင်း၊ သဲကိုဇကာအဖြစ်ထား၍ အမြန်စစ်ထုတ်ခြင်းနှင့် ပိုးသတ်ခြင်းတို့ ဆောင်ရွက်မည်ဖြစ်သည်။ လမ်းချဲ့ထွင်ခြင်းတွင် လက်ရှိအသုံးပြုနေသော နှစ်လမ်းသွားလမ်းကို လေးလမ်းသွားလမ်း (စုစုပေါင်းအကျယ် ၂၂ မီတာ) အဖြစ်ချဲ့ထွင်ပြီး ကွန်ကရစ် ကတ္တရာခင်းလမ်းအဖြစ် အဆင့်မြှင့်တင်သွားမည်ဖြစ်သည်။ လမ်းအန္တရာယ်ကင်းရှင်းရေး အထောက်အကူပြုပစ္စည်းများဖြစ်သည့် လက်ရန်းအကာ၊ ယာဉ်အသွားအလာ အမှတ်အသားများ၊ လမ်းဆေးခြယ်ခြင်းများကို ပြုလုပ်မည်ဖြစ်သည်။ တံတားနှစ်စင်းကို အသစ်ပြန်လည်တည်ဆောက်မည်ဖြစ်ပြီး ရေစီးဆင်းမှု

ကောင်းမွန်စေရန် သံကူကွန်ကရစ် Rahmen တံတားအမျိုးအစားကို တည်ဆောက်သွားမည်ဖြစ်သည်။ လျှပ်စစ်ဓာတ်အားလိုင်းသွယ်တန်းခြင်းတွင် ကမာနက်- မြောင်းတကာ ဓာတ်အားလိုင်း၏ တိုင်အမှတ်(၁၃၃)နှင့် (၁၃၄) တို့ဆုံရာ နေရာမှ(၂၃၀)ကေဗွီ (conductor အရွယ်အစား ၆၀၅ MCM) ဓာတ်အားလိုင်းဖြင့် ကိုရီးယား-မြန်မာ စက်မှုဇုန် စီမံကိန်းအတွက် လိုအပ်သော လျှပ်စစ်ဓာတ်အားကို သွယ်ယူရရှိမည်ဖြစ်သည်။ သွယ်ယူမည့် လျှပ်စစ်ဓာတ်အားလိုင်း အရှည်မှာ (၇.၈၄) ကီလိုမီတာဖြစ်ပါသည်။ (၁၀၀)အမ်ဗွီအေ ထရန်စဖော်မာ (၂)လုံး တပ်ဆင်မည့် (၂၃၀) ကေဗွီ ဓာတ်အားခွဲရုံ တစ်ရုံကို တည်ဆောက်မည်ဖြစ်သည်။ ထိုဓာတ်အားခွဲရုံတွင် (၂၃၀) ကေဗွီ ဓာတ်ငွေ့သုံး အလိုအလျောက်လျှပ်ဖြတ် (ပထမအဆင့်)၊ အလိုအလျောက်လျှပ်ဖြတ် (၃၃) ကေဗွီ (ဒုတိယအဆင့်)နှင့် ဓာတ်ငွေ့ဖြင့် လျှပ်စစ်ဓာတ်မစီးစေရန် အကာအကွယ်ပြုထားသည့် ခလုတ်များတပ်ဆင်ထားမည် ဖြစ်ပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းတွင် အသုံးပြုမည့် ယာဉ်ယန္တရားများ၏ အရှိန်ကိုကန့်သတ်ခြင်း၊ လုပ်ငန်းခွင်တွင် ဖုန်နှင့်အမှုန်အမွှားများ ထွက်ရှိမှုလျော့နည်းအောင် ရေဖျန်းခြင်းလုပ်ငန်းများအား ဆောင်ရွက်ရန်၊

(၂) စီမံကိန်းဧရိယာအတွင်းတွင် ဖြတ်သန်းသွားလာကြမည့် ယာဉ်များအား ဖုန်နှင့်အမှုန်အမွှားများ ကပ်ငြိမှုနည်းအောင် ရေဆေးသည့်စနစ်အား ဆောင်ရွက်ရန်၊

(၃) ဆောက်လုပ်ရေးသုံးပစ္စည်းများကို သယ်ယူပို့ဆောင်ပါက အဖုံးအကာများဖြင့် ဆောင်ရွက်ပြီးမှသာ သယ်ဆောင်ရန်၊

(၄) အသုံးပြုမည့် ယာဉ်ယန္တရားများအား ပုံမှန်စစ်ဆေးရန်၊

(၅) စွန့်ပစ်အမှိုက်များကို လဟာပြင်မီးရှို့ဖျက်ဆီးခြင်းများမရှိအောင် တားမြစ်ရန်၊

(၆) ဖုန်နှင့်အမှုန်အမွှားထွက်ရှိမည့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မည်ဆိုပါက စီမံကိန်းပတ်ဝန်းကျင်ရှိ ပြည်သူလူထုသို့ ကြိုတင်အကြောင်းကြားရန်။

(ဃ) **ရေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) တည်ဆောက်ရေးလုပ်ငန်းခွင်မှ ထွက်ရှိလာမည့် စွန့်ပစ်ရေများကို ယာယီအနည်ထိုင်ကန်တွင် ဦးစွာစွန့်ပစ်ပြီးမှသာ ရေနုတ်မြောင်းများသို့ စွန့်ထုတ်ရန်၊

(၂) လုပ်သားများ၏ ယာယီတည်းခိုဆောင်များတွင် Septic tank များကို ထားရှိရန်၊

(၂) လုပ်သားများ၏ ယာယီတည်းခိုဆောင်များတွင် Septic tank များကို ထားရှိရန်၊

(၃) လောင်စာများနှင့် စက်သုံးဆီများအား သိုလှောင်ရာတွင် ရေနုတ်မြောင်းများ အနီးတွင် ထားရှိခြင်းအား ရှောင်ကျဉ်ရန်၊

(၄) ယာဉ်ယန္တရားများအား ပြင်ဆင်သည့်လုပ်ငန်းများ ဆောင်ရွက်ရာတွင် Water Resources များနှင့် ဝေးသည့်နေရာများတွင်သာ လုပ်ငန်းဆောင်ရွက်ရန်။

(င) **ဆူညံသံစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ယာဉ်ယန္တရားမောင်းနှင်မည့်သူများကို အသံဆူညံမှုမဖြစ်အောင် မောင်းနှင်စေရေး အသိပညာပေးရန်၊

(၂) တည်ဆောက်ရေးလုပ်ငန်းများကို ညအချိန်တွင် ဆောင်ရွက်ခြင်းအစား နေ့အချိန်တွင်သာ ဆောင်ရွက်ရန်၊

(၃) ပိုင်ရိုက်ခြင်း၊ မြေတူးခြင်းစသည့် အသံဆူညံသည့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် Sensitive Hours များအတွင်း ဆောင်ရွက်ခြင်းအား ရှောင်ကျဉ်ရန်၊

(၄) ဆူညံသံနှင့် တုန်ခါမှုများ များစွာမဖြစ်ပေါ်စေရေး အသုံးပြုမည့် စက်ယန္တရားများကို ပုံမှန်စစ်ဆေးခြင်းများ ဆောင်ရွက်ရန်၊

(၅) ဆူညံသံနှင့် တုန်ခါမှုများထွက်ပေါ်မည့် လုပ်ငန်းများကို မဖြစ်မနေ ဆောင်ရွက်ရမည်ဆိုပါက ပတ်ဝန်းကျင်သို့ အသိပေးပြီးမှသာ လုပ်ငန်းများကို ဆောင်ရွက်ရန်။

(စ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်မရှိသည့် စွန့်ပစ်ပစ္စည်းများအား လျှော့ချသုံးစွဲခြင်း၊ ပြန်လည်အသုံးစွဲခြင်းနှင့် ကောင်းမွန်သည့်စီမံခန့်ခွဲမှုများကို အသုံးပြုရန်၊

(၂) စီမံကိန်းဧရိယာတွင် အမှိုက်များအား အမျိုးအစားအလိုက် ခွဲခြားစွန့်ပစ်နိုင်စေရေး အမှိုက်ပုံးများကို သီးခြားထားရှိရန်နှင့် အညွှန်းစာသားများနှင့် ပုံများအား အမှိုက်ပုံးများတွက် မြင်သာအောင် ထားရှိရန်၊

(၃) စီမံကိန်းမှထွက်ရှိလာမည့် အမှိုက်များကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဖြင့် ချိတ်ဆက်၍စွန့်ပစ်ရန်၊

(၄) ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများအား စွန့်ပစ်ရာတွင် သီးခြားစွန့်ပစ်ရန်နှင့် လေ၊ ရေ၊ မြေအရည်အသွေးအား ထိခိုက်မှုမရှိစေရေး စနစ်တကျ သိုလှောင်သိမ်းဆည်းရန်၊

(၅) ဘေးအန္တရာယ်ရှိ စွန့်ပစ်အမှိုက်များအား စနစ်တကျသင်တန်းပေးထားသည့် လုပ်သားများကို ကိုင်တွယ်စေရန်၊

(၆) စွန့်ပစ်အမှိုက်ပုံးအား အညွှန်းများစနစ်တကျတပ်ပြီး သက်ဆိုင်ရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ချိတ်ဆက်၍ စွန့်ပစ်ရန်။

(ဆ) **ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်**။ အောက်ပါအတိုင်းလိုက်နာ ဆောင်ရွက်ရမည်-

(၁) လုပ်ငန်းခွင်တွင် လုပ်သားများအတွက် သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးခြင်း၊ ကောင်းမွန်သော နေရာထိုင်ခင်းနှင့် မိလ္လာစနစ်တို့ကို ဆောင်ရွက်ပေးခြင်း၊ နိုင်ငံတကာစံနှုန်းများနှင့်အညီ ဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်ရန်၊

(၂) လုပ်ငန်းခွင်တွင် ရှေးဦးသူနာပြုနည်းများအား သင်တန်းပေးရန်နှင့် အရေးပေါ် အသုံးပြုနိုင်မည့် ဆေးဝါးများကို ထောက်ပံ့ပေးရန်၊

(၃) လုပ်ငန်းခွင်လုပ်သားများ ဘေးအန္တရာယ်ကင်းရှင်းစွာ လုပ်ငန်းဆောင်ရွက် နိုင်ရေးလိုအပ်သည့် တစ်ကိုယ်ရည်အကာအကွယ်သုံးပစ္စည်းများကို ထောက်ပံ့ ပေးရန်၊

(၄) ဒေသခံများအား ဘေးအန္တရာယ်ကင်းရှင်းစေရေး လုပ်ငန်းခွင်ဧရိယာနှင့် စက်ပစ္စည်း ယန္တရားများအနီး လာရောက်ခြင်းအား တားမြစ်ရန်နှင့် သတိပေး ဆိုင်းဘုတ်များကို ထားရှိရန်၊

(၅) ယာဉ်များမောင်းနှင်ရာတွင် ယာဉ်မောင်းလိုင်စင်ရရှိပြီးသည့်သူများကိုသာ ခန့်အပ်သွားရန်နှင့် အန္တရာယ်ကင်းစွာမောင်းနှင်နိုင်ရေး အသိပညာပေးခြင်းများ ဆောင်ရွက်ထားရန်၊

(၆) တည်ဆောက်ရေးလုပ်ငန်းခွင်လာရောက်သည့် ယာဉ်များကို လိုအပ်သည့် ပမာဏနှင့် အကြိမ်အရေအတွက်သာ ယာဉ်အသုံးပြုစေရေး ဆောင်ရွက်ရန်၊

(၇) ယာဉ်များသွားလာရာတွင် ဒေသခံများ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် သတိပေးဆိုင်းဘုတ်များ၊ လမ်းညွှန်ဆိုင်းဘုတ်များကို ထားရှိရန်။

(ဇ) **အရေးအပေါ်အခြေအနေတုံ့ပြန်ရေးအစီအစဉ်**။ တစ်ဖက်ပါအတိုင်း လိုက်နာဆောင် ရွက်ရမည်-

(၁) အရေးအပေါ်တုံ့ပြန်ရေးအစီအစဉ်တွင် မီးဘေးအန္တရာယ်၊ လျှပ်စစ်ရှော့ အကြောင်း မှားမသိမှုအန္တရာယ်။

(၁) အရေးအပေါ်တုံ့ပြန်ရေးအစီအစဉ်တွင် မီးဘေးအန္တရာယ်၊ ငလျင်အန္တရာယ်၊ မုန်တိုင်းအန္တရာယ်၊ ရေလွှမ်းမိုးမှုအန္တရာယ်နှင့် လေဆင်နှာမောင်း အန္တရာယ်တို့အတွက် အစီအစဉ်များကို ရေးဆွဲရန်၊

(၂) အပူချိန်မြင့်မားသည့်လုပ်ငန်းများအား ဆောင်ရွက်ရာ၌တွင် မီးဘေးအန္တရာယ်များမဖြစ်ပေါ်အောင် လုံခြုံစိတ်ချရသည့်စနစ်များအား ချမှတ်ဆောင်ရွက်ရန်၊

(၃) လျှပ်စစ်ဝါယာကြိုးများ၊ လျှပ်စစ်စနစ်များကို အမြဲမပြတ်စစ်ဆေးရန်နှင့် အရည်အသွေးမြင့်သည့် ပစ္စည်းအမျိုးအစားများကို ရွေးချယ်အသုံးပြုရန်၊

(၄) မီးသတ်ဦးစီးဌာန၏ အကြံပြုချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၅) အရေးပေါ်အခြေအနေများဖြစ်ပေါ်လာပါက ကြိုတင်လေ့ကျင့်ထားသည့်စုရပ်တွင် လာရောက်နိုင်ကြစေပြီး ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးနိုင်ရေး ဆောင်ရွက် ရန်၊

(၆) အရေးပေါ်အခြေအနေများ ဖြစ်ပေါ်လာပါက လျှပ်စစ်ဓာတ်အား အင်သုံးပစ္စည်းများကို ဦးစွာပိတ်၍ လုပ်ငန်းများအား ရပ်တန့်ထားရန်၊

(၇) မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ကြေငြာသည့် မုန်တိုင်းသတင်းများကို အမြဲမပြတ်စောင့်ကြပ်ကြည့်ရှုပြီး လုပ်ငန်းခွင်တွင် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ရန်၊

(၈) အရေးအပေါ်အခြေအနေများ ကြုံတွေ့လာရပါကဆက်သွယ်နိုင်ရေး သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများ၊ ဒေသခံကယ်ဆယ်ရေးအဖွဲ့များ၊ ကျန်းမာရေးအဖွဲ့များ၏ အချက်အလက်များကို ကြိုတင်စုဆောင်းထားပြီး ချိတ်ဆက်ဆောင်ရွက်ရန်။

(ဈ) **လျှပ်စစ်အန္တရာယ်ကြိုတင်ကာကွယ်ရေးအစီအစဉ်**။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လျှပ်စစ်ဝါယာကြိုးများ ပြတ်ကျ၊ ပြုတ်ကျခြင်းများ ဖြစ်ပေါ်ပါက အဆိုပါဝါယာကြိုးများအနီး အနည်းဆုံး ၁၀ မီတာအနီးသို့ ဒေသခံများသွားလာမှု မရှိနိုင်စေရေး ကန့်သတ်တားမြစ်ရန်၊

(၂) လျှပ်စစ်တာဝါတိုင်များ ဘေးကင်းလုံခြုံမှုရှိစေရေး ပုံမှန်စစ်ဆေးစောင့်ကြည့်ခြင်းများကို ဆောင်ရွက်ရန်၊

(၃) ရာသီဥတုကြောင့် သို့မဟုတ် မတော်တဆဖြစ်ပွားမှုများကြောင့် လျှပ်စစ်ဝါယာကြိုးများ ပြတ်ကျခြင်း၊ လျော့ကျခြင်းများဖြစ်ပေါ်ပါက သက်ဆိုင်ရာ ကျွမ်းကျင်စသည့် လျှပ်စစ်ဝန်ထမ်းများအား ချိတ်ဆက်ဆောင်ရွက်ရန်၊

(၄) မီးလောင်လွယ်သော၊ အဆိပ်အတောက်ဖြစ်စေနိုင်သော ပစ္စည်းများ အသုံးပြုခြင်းကို ရှောင်ကျဉ်ရန်။

(ည) **မြေယာလျော်ကြေးပေးချေမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) သီးနှံလျော်ကြေးပြဿနာများနှင့် အခြားဆုံးရှုံးမှုများကို ပေးလျော်နိုင်ရေး မြို့နယ်မြေယာလျော်ကြေးစီမံခန့်ခွဲမှုကော်မတီအား ဖွဲ့စည်းထားရန်၊

(၂) အဆိုပါ မြို့နယ်မြေယာလျော်ကြေးစီမံခန့်ခွဲမှုကော်မတီအနေဖြင့် ပေးချေရမည့် လျော်ကြေးကိစ္စများနှင့်ပတ်သက်၍ တိကျစွာသိရှိနိုင်ရေး မြေပြင်ကွင်းဆင်း လေ့လာခြင်းများကို ဆောင်ရွက်ရန်၊

(၃) ကော်မတီအဖွဲ့ဝင်များအနေဖြင့် သက်ရောက်ခံရနိုင်သည့်သူများနှင့် တွေ့ဆုံ၍ ပျက်စီးဆုံးရှုံးမှုများအတွက် လျော်ကြေးများပေးချေ၍ သဘောတူညီချက်များ ရရှိအောင် ဆောင်ရွက်ရန်၊

(၄) မြေယာလျော်ကြေးကိစ္စများနှင့် ပတ်သက်၍ သဘောတူညီချက်များ ရရှိပြီးပါက မြို့နယ်မြေယာလျော်ကြေးစီမံခန့်ခွဲမှုကော်မတီမှ ခရိုင်၊ တိုင်းနှင့် ဒေသဆိုင်ရာ အစိုးရအဖွဲ့များသို့ အဆင့်ဆင့်တင်ပြရန်၊

(၅) မြေယာလျော်ကြေးပေးချေသည့်အစီအစဉ်ကို ဆောင်ရွက်ရန်နှင့် မှတ်တမ်းများ၊ စာရွက်စာတမ်းများကို ရယူပြီး သက်ဆိုင်ရာဌာနတွင် သိမ်းဆည်းထားရန်။

(ဋ) **ဇီဝမျိုးစုံမျိုးကွဲများအပေါ် ထိခိုက်မှုလျော့ပါးစေရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းဆောင်ရွက်ခြင်းအတွက် သစ်ပင်များခုတ်ထွင်ရှင်းလင်းရာတွင် လိုအပ်သလောက်သာခုတ်ထွင်ရှင်းလင်းရန်နှင့် ကုက္ကို၊ ပျဉ်းမ၊ ပိတောက်တို့အား အစားထိုး စိုက်ပျိုးရန်၊

(၂) စီမံကိန်းဆောင်ရွက်နေစဉ်အတွင်း ဇီဝမျိုးစုံမျိုးကွဲများကို တွေ့ရှိရပါက အသက်ရှင်အောင် ဆောင်ရွက်ရန်၊

(၃) ရေပိုက်များအား မြေမြှုပ်ခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် အဆိုပါနေရာအား လုပ်ငန်းဆောင်ရွက်ပြီးစီးပါက မူလအခြေအနေနှင့် ပုံစံအတိုင်း အချိန်တိုအတွင်း ရောက်ရှိအောင် ဆောင်ရွက်ရန်။

(ဋ) **မှန်လုံအိမ်အာနိသင်ဓာတ်ငွေ့များထွက်ရှိခြင်းအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းတွင် အသုံးပြုမည့် စက်ပစ္စည်းယန္တရာများ၊ ယာဉ်များအား မလိုအပ်ဘဲ မောင်းနှင်ခြင်း၊ စက်နှိုးထားခြင်းများမရှိအောင် ဆောင်ရွက်ရန်၊

(၂) စက်ပစ္စည်းများကို ပုံမှန်စစ်ဆေးခြင်းများ ဆောင်ရွက်ရန်နှင့် ယာဉ်မောင်းများအား အသိပညာပေးခြင်းများကို ဆောင်ရွက်ရန်၊

(၃) စက်ပစ္စည်းယန္တရားများအား ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့သုံး စက်ပစ္စည်းအမျိုးအစားများကို အသုံးပြုသွားရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ ထောက်ခံချက်ရရှိထားသည့် နေရာများမှ ဝယ်ယူအသုံးပြုရန်၊

(၄) အိုဇုန်းလွှာကို ထိခိုက်မှုလျော့နည်းစေသော ပစ္စည်းအမျိုးအစားများနှင့် မှန်လုံအိမ်အာနိသင်ရှိ ဓာတ်ငွေ့များထွက်ရှိမှု နည်းပါးသည့်ပစ္စည်း အမျိုးအစားများကို ရွေးချယ်အသုံးပြုရန်။

(ဌ) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** အောက်ပါအတိုင်းလိုက်နာ ဆောင်ရွက်ရမည်-

(၁) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် တည်ဆောက်ရေးနှင့် လုပ်ငန်းလည်ပတ်ရေးကာလများတွင် Air Quality၊ Noise and Vibration၊ Waste Management Plan၊ Occupational and Community Health and Safety Plan၊ Worker's Accomodation Plan၊ Spill Prevention and Response Plan၊ Electrical Hazards Management Plan၊ Land Acquisition Management Plan၊ Transformer Maintenance Plan၊ Resettlement Plan တို့ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၂) အကြိုတည်ဆောက်ရေးကာလအတွက် စောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ်ကို ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာတွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ်များအတိုင်း တာဝန်ယူဆောင်ရွက်ရန်၊

(၃) တည်ဆောက်ရေးကာလအတွက် စောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ်ကို ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာတွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ်များအတိုင်း တာဝန်ယူဆောင်ရွက်ရန်၊

(၄) လုပ်ငန်းလည်ပတ်သည့်ကာလအတွက် စောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ်ကို ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာတွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ်များအတိုင်း တာဝန်ယူဆောင်ရွက်ရန်။

(ဃ) **တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်နှင့်စောင့်ကြပ်ကြည့်ရှုခြင်း အစီအစဉ်အတွက် တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းတို့အား အစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(င) **အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းကို စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နေစဉ်အတွင်း စီမံကိန်းအနီးဝန်းကျင်ရှိ ဒေသခံများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ဆန္ဒနှင့် သဘောထားများကို ညှိနှိုင်းဆောင်ရွက်ရမည်။

(စ) **လျာထားအသုံးစရိတ်။** ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် အသုံးပြုမည့် လျာထားအသုံးစရိတ်အား အောက်ပါကတိကဝတ်အတိုင်း ဆောင်ရွက်ရန်နှင့် လိုလောက်မှုမရှိပါက ထပ်မံဖြည့်တင်းဆောင်ရွက်ရမည်-

(၁) တည်ဆောက်ရေးကာလအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး တစ်နှစ်လျှင် မြန်မာငွေကျပ် (၁၁၀, ၀၀၀,၀၀၀) သုံးစွဲရန်၊

(၂) လုပ်ငန်းလည်ပတ်သည့်ကာလအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး တစ်နှစ်လျှင် မြန်မာငွေကျပ် (၉၅, ၀၀၀,၀၀၀) သုံးစွဲရန်၊

(၃) တည်ဆောက်ရေးကာလအတွက် စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်အား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် တစ်နှစ်လျှင် မြန်မာငွေကျပ် (၄၆,၅၀၀,၀၀၀) သုံးစွဲရန်၊

(၄) လုပ်ငန်းလည်ပတ်သည့်ကာလအတွက် စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်အား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် တစ်နှစ်လျှင် မြန်မာငွေ ကျပ် (၄၁,၅၀၀,၀၀၀) သုံးစွဲရန်။

**ပတ်ဝန်းကျင်နှင့် လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းသတ်မှတ်ချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ် (၆) တွင် ဖော်ပြထားသော ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းအစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝလိုက်နာဆောင်ရွက် ရမည်-

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းသတ်မှတ်ချက် များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှု ဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈-၂၀၃၀) မြန်မာနိုင်ငံအမျိုးသား အဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်(၂၀၂၀) တို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စီမံကိန်းကတိ ကဝတ်အားလုံးနှင့် စည်းကမ်းချက်များကို အပြည့်အဝ အကောင်အထည်ဖော် ရမည့်အပြင် ယင်း၏ ကိုယ်စားစီမံကိန်းကို ဆောင်ရွက်ပေးသူ ကန်ထရိုက်တာ နှင့် လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာများအားလုံးသည် စီမံကိန်း အတွက် လုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်နှင့် စည်းကမ်းချက်များအားလုံးကို အပြည့်အဝ လိုက်နာ ဆောင်ရွက်ရန်၊

(၂) စီမံကိန်းဆောင်ရွက်ခြင်းကြောင့် ပတ်ဝန်းကျင်ကို ခြိမ်းခြောက်နေသည့် ပြုမူ လုပ်ဆောင်ချက်များကို ရှောင်ရှားခြင်း၊ တားမြစ်ခြင်းနှင့် ထိန်းချုပ်ခြင်းဖြင့် ပတ်ဝန်းကျင်ပျက်စီးမှုများ မဖြစ်စေမီ ကာကွယ်တားဆီးရန် သို့မဟုတ် အနည်းဆုံး ဖြစ်စေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်၊

(၃) ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရေး အတွက် ရေရှည်တည်တံ့သော သဘာဝသယံဇာတ စီမံအုပ်ချုပ်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝဂေဟစနစ်များကို ထိန်းသိမ်းကာကွယ်ခြင်းနှင့် ပြန်လည်ပြုစုပျိုးထောင်ခြင်းတို့ကို မြှင့်တင်ဆောင်ရွက်ရန်၊

(၄) လတ်တလောနှင့် ရေရှည်တွင် ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများမှ ကြိုတင်ကာကွယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးတို့ကို ခိုင်မာအားကောင်းစေမည့် လုပ်ငန်းစဉ်များ ဆောင်ရွက်ထားရှိရန်၊

(၅) ရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်မည့် ဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ရန်နှင့် ပြန်လည်ထူထောင်လာနိုင်စေရန် အရင်းအမြစ်များစုစည်းခြင်းနှင့်ခွဲဝေသုံးစွဲခြင်းတို့ဖြင့် ဘဏ္ဍာရေးလုပ်ငန်းလည်ပတ်မှုကို မြှင့်တင်ပေးနိုင်ရေးအတွက်အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်ရန်၊

(၆) ရေခဲသေတ္တာများ၊ Freezer များနှင့် လေအေးပေးစက်များ၌ အသုံးပြုသည့် Gas များတွင် အိုဇုန်းလွှာကို ထိခိုက်စေနိုင်သည့် CFCs, HCFCs ဓာတ်ငွေ့အစားထိုး အိုဇုန်းလွှာကို ထိခိုက်မှုလျော့နည်းစေသော HFCs ဓာတ်ငွေ့များ (ဥပမာ- R-124a, R-152a, R-22 etc.) သုံးသည့် စက်ပစ္စည်းများကို ရွေးချယ်တပ်ဆင်အသုံးပြုရန်၊

(၇) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရန် -

(ကက) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများ၊ ပလတ်စတစ် စွန့်ပစ်ပစ္စည်းများ၊ မိလ္လာအညစ်အကြေးများ၊ ဓာတုဗေဒစွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်ရန်နှင့် လဟာပြင်မီးရှို့မှု ပပျောက်ရေး ဆောင်ရွက်ရန်၊

(ခခ) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်း စုပုံစွန့်ပစ်ရန် သတ်မှတ်ထားသော နေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ် ဆောင်ရွက်ရန်၊

(ဂဂ) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့ မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(ဃဃ) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှု စစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာမှတ်တမ်းပုံစံထားရှိ ဆောင်ရွက်ရန်၊

(ငင) စီမံကိန်းမှ ထွက်ရှိလာမည့် ဘေးအန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများအား ဘေးကင်းစွာစွန့်ပစ်နိုင်ရေး အမျိုးအစားခွဲခြားခြင်းနှင့် စီမံခန့်ခွဲခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊

(စစ) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ ထွက်ရှိမှုလျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်း ထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရန်၊

(ဆဆ) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိ ဆောင်ရွက်ရန်၊

(ဇဇ) သန့်ရှင်းသောမြို့အဖြစ်တည်ဆောက်ခြင်းအားဖြင့် ကမ္ဘာလှည့်ခရီးသည်များအား ဆွဲဆောင်နိုင်စေရေး ပြည့်စုံကောင်းမွန်သော စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုများကို ဆောင်ရွက်ရန်။

(၈) ပြည်သူ့ကျန်းမာရေးနှင့် ပတ်ဝန်းကျင်အပေါ် ထိခိုက်မှုမရှိစေရေး စွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်ခြင်း၊ စီမံခန့်ခွဲခြင်းနှင့် ထွက်ရှိမှုကိုလျှော့ချခြင်းများ ဆောင်ရွက်ရန်၊

(၉) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေသော စီမံခန့်ခွဲမှုစနစ်ကို တိုးမြှင့်ဆောင်ရွက်ရန်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းသတ်မှတ်ချက်များ။** စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်စပ်လျဉ်း၍အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့်နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃dBAထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်၊

(၃) စွန့်ထုတ်အရည်အသွေးနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် အပိုဒ် ၂.၇.၂ ပါ သတ်မှတ် Parameter များ တိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ သန့်စင်ပြီးမှ စွန့်ထုတ်ရန်၊

(၄) အစီရင်ခံစာတွင် ဖော်ပြထားသော ကတိကဝတ်များအား အပြည့်အဝလိုက်နာ ဆောင်ရွက်ရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ၊ ကုမ္ပဏီ၏ မူဝါဒများ၊ စီမံကိန်းနှင့်သက်ဆိုင်သော မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေတို့ကို လိုက်နာဆောင်ရွက်ရန်၊

(၅) ဆောက်လုပ်ရေးလုပ်ငန်းသဘာဝအရ Contractorများ ငှားရမ်းဆောင်ရွက်ရာ တွင် အလုပ်သမားရေးရာကိစ္စရပ်များအတွက် တာဝန်ခံမှု၊ တာဝန်ယူမှုကို ရှင်းလင်း တိကျစွာဆောင်ရွက်ရန်နှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက် နိုင်ရေးအတွက် Contractor အချင်းချင်းချိတ်ဆက်မိစွာ ဆောင်ရွက်သည့် စနစ်ကို ကျင့်သုံးရန်၊

(၆) ဒေသခံအလုပ်သမားများကို ဥပဒေနှင့်အညီ အလုပ်ခန့်ထားသည့်အစီအစဉ်၊ သင်တန်းပေးမည့်အစီအစဉ်၊ သက်သာချောင်ချိရေး၊ အလုပ်သမားရေးရာ ဥပဒေများနှင့်အညီ ခံစားခွင့်ပေးမည့်ကိစ္စရပ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန်။

(ဂ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** ဇီဝမျိုးစုံမျိုးကွဲစီမံ ခန့်ခွဲမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်းတိရစ္ဆာန်များအား ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများမရှိစေရေး ကြပ်မတ်ဆောင် ရွက်ရမည်။

(ဃ) **ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းသတ်မှတ် ချက်များ။** ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်ကမ်း ချက်များနှင့်စပ်လျဉ်း၍ တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကိုဆောင်ရွက်ရန်၊

(၂) ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့် လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(င) **ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိ လုပ်ငန်းများအပါအဝင် တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေး ဆောင်ရွက်ရန်၊

(၂) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှုလမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့် ဖြစ်နိုင်သောအနှောက်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှုအပေါ် ထိခိုက်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ ကြိုတင်အသိပေးရန်၊

(၃) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေး လုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(စ) **လုပ်ငန်းပိတ်သိမ်းခြင်းဆိုင်ရာစည်းကမ်းချက်များ။** လုပ်ငန်းပိတ်သိမ်းခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) စီမံကိန်းသက်တမ်းကုန်ဆုံး၍ ပိတ်သိမ်းခြင်း သို့မဟုတ် မမျှော်လင့်သောကိစ္စရပ်များကြောင့် ရပ်ဆိုင်းရခြင်းတို့ဖြစ်ပါက စီမံကိန်းဧရိယာအတွင်း တည်ဆောက်ထားသည့် အဆောက်အဦများကို ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေး စီမံဆောင်ရွက်ထားရှိရန်၊

(၂) ဝန်ထမ်းများအား နစ်နာကြေးပေးချေခြင်း၊ သင့်လျော်သည့်လုပ်ငန်းသို့ လွှဲပြောင်း တာဝန်ထမ်းဆောင်စေခြင်းတို့ကို တာဝန်ယူကြီးကြပ် ဆောင်ရွက်ရန်။

(ဆ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များဖြစ်ပွားပါက ဝန်ကြီးဌာနသို့နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်းဖြစ်ပေါ်ပါက တင်ပြရန်၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော သို့မဟုတ် ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခုဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှုကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်းမရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်းဖြစ်ပေါ်ပါက တင်ပြရန်၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုးတစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများဖြစ်ပေါ်ပါက တင်ပြရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှ ဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့်အသိပေး တင်ပြရမည်။ ပျက်ကွက်မှုတစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု ဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန် လိုအပ်သည့် အကြောင်းကိစ္စရပ်ကို (၂၄) နာရီအတွင်း လည်းကောင်း၊ အခြားအကြောင်းကိစ္စရပ်များအားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့်အချိန်မှ (၇)ရက်အတွင်း လည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရန်၊

(၆) စီမံကိန်း၏ အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာ

သည့် အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှုတို့ကို တားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိကပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်းဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရန်၊

(ဂ) စီမံကိန်းဧရိယာအတွင်းတွင် မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့်လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့်လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ် မူတည်၍ သက်ဆိုင်ရာကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြရန်၊

(ဃ) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ တင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာတင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်းအထောက်အထားများ တင်ပြရန်၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှုဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့်အချိန်အထိ တိုးတက်မှုတို့ကို တင်ပြရန်၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့်အလားတူ အခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများကို တင်ပြရန်၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့်အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှုဆောင်ရွက်ချက်များနှင့် ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များကို တင်ပြရန်၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ အတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှုကို တင်ပြရန်။

(ဇ) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်းစီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်းအစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရန်။

(၉) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့်ပတ်သက်၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/ မြေအောက်ရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နှင့် သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်း ဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများ တွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်း ဆက်သွယ်သတင်းပို့ အကြောင်းကြားရန်၊

(၂) စီမံကိန်းဆောင်ရွက်မည့် နေရာဒေသ၏ ဓလေ့ထုံးတမ်းစဉ်လာများ၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ၊ အထင်ကရနေရာများကို ထိန်းသိမ်းစောင့်ရှောက်ရန်။

(၁၀) **လူမှုတာဝန်သိအစီအစဉ်(CSR)ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** လူမှုတာဝန်သိအစီအစဉ်နှင့်စပ်လျဉ်း၍ တစ်ဖက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိ သို့မဟုတ် စီမံကိန်းမဆောင်ရွက်မီကာလထက်မနိမ့်ကျသော လူမှုစီးပွားရေး တည်ငြိမ်ခိုင်မာမှုရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအစီအစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (Township Development Plans)များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရန်။

(ည) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာကို စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာကတိကဝတ်များအား ဖြန့်ဝေအသိပေး ထုတ်ဖော် ကြေညာရမည်။

(ဋ) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာ အခွင့်အမိန့်ရအဖွဲ့အစည်းထံမှစာဖြင့် ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့် ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာဥပဒေများ၊

နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာတွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင် ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်းရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်းရလဒ်များ၊ ကိရိယာဖြင့်တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ်အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများတို့ ပါဝင်ရန်၊ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရမည်။ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့် ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင်ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရန်နှင့် ဝန်ကြီးဌာနမှစာဖြင့် သီးခြားရေးသား သဘောတူထားခြင်းမရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရန်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့် နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယားနှင့် မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကို ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆) လတစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့်နေ့ရက်မှ (၁၀) ရက်အတွင်း ထုတ်ဖော်ကြေညာရန်၊

(၄) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာတွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်

ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ် အတိုင်း လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဦးစီးဌာနသို့ တင်ပြသည့် နေ့ရက်မှ (၁၀)ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များမှတစ်ပါး အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင် လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူ စုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင်လည်းကောင်း အများပြည်သူသိရှိနိုင်စေရန် တင်ပြရန်နှင့် မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကိုရရှိပြီးနောက် (၁၀) ရက်အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ဆောင်ရွက်ရန်၊

(၆) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စောင့်ကြပ်ကြည့်ရှုခြင်း၊ စစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရန် -

(ကက) စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် ဆက်စပ်သည့် လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်း လုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှ ဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက်ကြည့်ရှုနိုင်ရေး ခွင့်ပြုရန်၊

(ခခ) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင် ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့်အချိန်တွင်မဆို စီမံကိန်း လုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်းဝင်ရောက်နိုင်ရေး ခွင့်ပြုရန်၊

(ဂဂ) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယို

ရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့် လေနမူနာများ ရယူခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေးခြင်း၊ ဒီဂျစ်တယ် စာတွဲများ အပါအဝင် စာရွက်စာတမ်း အထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟု ယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်း အပါအဝင် မည်သည့်နည်းလမ်းဖြင့် မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရန်၊

(ဃဃ) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များ ကျခံခြင်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှ ကျခံရန်။

(ဌ) **ရန်ပုံငွေထားရှိမှုဆိုင်ရာစည်းကမ်းချက်များ။** ရန်ပုံငွေထားရှိမှုဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ရန်ပုံငွေထူထောင်ထားရှိရမည်။

**သက်သေခံလက်မှတ်ဆိုင်ရာစည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ဖော်ပြပါအချက်တို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅) နှစ် ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်သက်တမ်းမကုန်ဆုံးမီ (၆) လကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ (၂) နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း (၃၀) ထက်နောက်မကျစေဘဲ ဤဦးစီးဌာနသို့ စာဖြင့်သတင်းပို့ အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သောဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်းမရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလ မည်မျှ လိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့်ကာလအတွက် အချိန် တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့်ကိစ္စမှတစ်ပါး ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် ရရှိပြီး (၂)နှစ် အတွင်း စီမံကိန်းကို ထိရောက်စွာအကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်း မပြုလျှင် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကို အသစ်ပြုလုပ်တင်ပြရန်၊

(ဃ) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရ ပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် ပါစည်းကမ်းချက်များကို ဝန်ကြီးဌာနမှ ပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာကို ပြန်လည်ပြင်ဆင်စေပြီး တင်ပြရန်ညွှန်ကြား ပါက စီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှု မရှိခြင်း၊

(၂) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ ထိခိုက်မှုဖြစ်စေ ကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်းသိရှိနိုင်ရန် သတင်းအချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ (EIA) ကို မူလ အတည်ပြုခဲ့သည့်အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက် ရောက်မှုများ ရှိခြင်း၊

(၄) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာ (EIA)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော် ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက်ပိုမိုကြီးမားခြင်း၊

ပြည်ထောင်စု ဝန်ကြီးရုံး

(၅) အကောင်းဆုံးရရှိနိုင်သော နည်းလမ်းအစီအစဉ်ပွာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာလျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာအပိုကုန်ကျစရိတ်မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ**

၉။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ် ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် ဤဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှ ငွေကြေးထည့်ဝင်ရမည်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ပြင်ဆင်တောင်းခံပါက ထည့်ဝင်ရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း ရန်ပုံငွေ ထူထောင်ထားရှိရမည်၊

(ဃ) စီမံကိန်းအဆိုပြုသူအနေဖြင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ထည့်သွင်းဖော်ပြထားသည့် လျာထားအသုံးစရိတ်များနှင့်ပတ်သက်၍ သီးခြားငွေစာရင်းဖွင့်လှစ်ထားသော အထောက်အထားအချက်အလက်ဖြင့် ထည့်သွင်းဖော်ပြရမည်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ဤလက်မှတ်ပါလုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှု ပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသော လွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက် အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်း အဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်းပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက် ပေးသူဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများအားလုံး တို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---